# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# ပျားရည်


## ဈေးကွက်အလားအလာလေ့လာချက်

(ITC MARKET SCAN)

အမှတ်စဉ် (၀၀၁၀)

(HS-Code 040900)

Natural Honey













November 2018

# ဈေးကွက်အလားအလာလေ့လာချက်

# (ITC MARKET SCAN)

## PRODUCT : 040900 Natural Honey

(HS-Code 040900)


Natural Honey


### ကမ္ဘာထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်

Fig 1: Top 5 World importers in 2017

| Importers | Value Imported in 2017 (US$,000) | Quantity Imported in 2017 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| United States of America | 568768 | 202618 | 2807 | 24.4 |
| Germany | 281941 | 80596 | 3498 | 12.1 |
| Japan | 143035 | 42821 | 3340 | 6.1 |
| United Kingdom | 130701 | 46092 | 2836 | 5.6 |
| France | 130533 | 35487 | 3678 | 5.6 |

Source : ITC TradeMap




၁။ ဖော်ပြပါ ပျားရည် (HS-Code 040900) အား၂၀၁၇ခုနှစ်တွင် အများဆုံးဝယ်ယူခဲ့သော ကမ္ဘာ့ထိပ်တန်း ၅ နိုင်ငံမှာအမေရိကန်၊ ဂျာမဏီ၊ ဂျပန်၊ ဗြိတိန်၊ ပြင်သစ်နိုင်ငံတို့ဖြစ်ကြသည်ကို ITC Trade Map အရသိရှိရသည်။ အမေရိကန်နိုင်ငံ၏ ၂၀၁၇ ခုနှစ် သွင်းကုန်တန်ဖိုး စုစုပေါင်းမှာ ကန်ဒေါ်လာ ၅၆၈ ဒသမ ၇၆၈ သန်းရှိကာ ကမ္ဘာ့ပျားရည် ဈေးကွက်၏ ဈေးကွက်ဝေစု ၂၄ ဒသမ ၄ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် ဂျာမဏီနိုင်ငံက သွင်းကုန်တန်ဖိုးကန်ဒေါ်လာ ၂၈၁ ဒသမ ၉၄၁ သန်းနှင့် ဈေးကွက်ဝေစု ၁၂ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ အလားတူ ဂျပန်၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့ကလည်း တတိယ၊ စတုတ္ထနှင့် ပဥ္စမနေရာများတွင် အသီးသီး အစဉ်လိုက် ရပ်တည်လျက်ရှိကြသည်။ ပျားရည်ဝယ်ယူသော ကမ္ဘာ့နိုင်ငံ ၁၉၉ နိုင်ငံရှိပြီး ပေါက်ဈေးများကိုနှိုင်းယှဉ်လေ့လာရာတွင် ပြင်သစ်က ရောင်းချသည့်ဈေးမှာ အမြင့်ဆုံးဖြစ်၍ ဂျာမဏီက ဒုတိယ၊ ဂျပန်က တတိယတို့ဖြစ်ကြသည်။

## မြန်မာ့ ပျားရည်တင်ပို့သည့် ထိပ်တန်း(၅) နိုင်ငံ (၂၀၁၇)

Fig 2: Top 5 Importers of Myanmar in 2017

| Importer Countries | Value Imported in 2017(US$,000) | Quantity Imported in 2017(Tons) | Unit Value $/Ton | Market Share |
|---|---|---|---|---|
| Thailand | 1174 | 736 | 1595 | 33.4 |
| Japan | 1123 | 631 | 1780 | 32 |
| Canada | 749 | 485 | 1544 | 21.3 |
| United States of America | 435 | 259 | 1680 | 12.4 |
| Taipei, Chinese | 15 | 9 | 1667 | 0.4 |

Source : ITC TradeMap

၂။ ၂၀၁၇ခုနှစ်တွင် မြန်မာနိုင်ငံမှ ပျားရည် အများဆုံး တင်ပို့ရောင်းချလျက်ရှိသည့် နိုင်ငံမှာ ထိုင်း၊ ဂျပန်၊ ကနေဒါ၊ အမေရိကနှင့် တိုင်ပေ (တရုတ်) တို့ဖြစ်ကြသည်။

## အာရှထိပ်တန်း (၅) နိုင်ငံ

Fig 3:Top 5 Asian Importers in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| Japan | 143035 | 42821 | 6.1 |
| China | 91235 | 5669 | 3.9 |
| Saudi Arabia | 66128 | 16604 | 2.8 |
| United Arab Emirates | 31162 | 5715 | 1.3 |
| Singapore | 27483 | 3400 | 1.2 |

Source : ITC TradeMap


၃။ ပျားရည်ကို အများဆုံး ဝယ်ယူလျက်ရှိသော အာရှနိုင်ငံများမှာ ဂျပန်၊ တရုတ်၊ ဆော်ဒီအာရေဗျ၊ UAE ၊ စင်ကာပူတို့ဖြစ်ကြသည်။ ယင်းတို့အနက် ဂျပန်သည် ၂၀၁၇ ခုနှစ်တွင် သွင်းကုန်တန်ဘိုး ကန်ဒေါ်လာ ၁၄၃ ဒသမ ၀၃၅ သန်း၊ အရေအတွက်အားဖြင့် ၄၂၈၂၁ တန်ဖြင့် အများဆုံးဝယ်ယူလျက်ရှိကြောင်း တွေ့ရပြီး၊ ၎င်းနောက်တွင် တရုတ်နိုင်ငံက သွင်းကုန်တန်ဘိုး ကန်ဒေါ်လာ ၉၁ ဒသမ ၂၃၅ သန်း၊ အရေအတွက် ၅၆၆၉ တန်နှင့် ဒုတိယအများဆုံး ဝယ်ယူသည့်နိုင်ငံအဖြစ်တွေ့ရသည်။ ယင်းနောက် ဆော်ဒီအာရေဗျ၊ UAE နှင့် စင်ကာပူတို့က အစဉ်လိုက်ရှိကြသည်။

ကမ္ဘာ့ပို့ကုန်ထိပ်တန်း (၅) နိုင်ငံ

Fig 4. Top 5 World exporters in 2017

| Exporter Countries | Value Exported in 2017 (US$,000) | Quantity Exported in 2017 (Tons) | Unit Value $/Ton | Market Share |
|---|---|---|---|---|
| China | 270705 | 129274 | 2094 | 11.3 |
| New Zealand | 268137 | 9636 | 27827 | 11.2 |
| Argentina | 183165 | 70321 | 2605 | 7.6 |
| Germany | 145649 | 25059 | 5812 | 6.1 |
| Ukraine | 133943 | 67907 | 1972 | 5.6 |

Source : ITC TradeMap






၄။ ၂၀၁၇ ခုနှစ်တွင် ဖော်ပြပါ ပျားရည် (HS-Code 040900) အားတင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၅ နိုင်ငံမှာ တရုတ်၊ နယူးဇီလန်၊ အာဂျင်တီးနား၊ ဂျာမဏီနှင့် ယူကရိန်းနိုင်ငံ တို့ဖြစ်ကြသည်။ တရုတ်နိုင်ငံ၏ ပို့ကုန်တန်ဖိုးမှာ ကန်ဒေါ်လာ ၂၇၀ ဒသမ ၇၀၅ သန်းရှိပြီး ဈေးကွက်ဝေစု ၁၁ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ဦးဆောင်လျက်ရှိသည်။ ဒုတိယနေရာရှိ နယူးဇီလန် ကလည်း ပို့ကုန်တန်ဖိုးကန်ဒေါ်လာ ၂၆၈ ဒသမ ၁၃၇သန်းရှိ၍ ဈေးကွက်ဝေစု ၁၁ ဒသမ ၂ ရာခိုင် နှုန်း ရရှိထားပြီး အာဂျင်တီးနားသည် ပို့ကုန်တန်ဖိုးကန်ဒေါ်လာ ၁၈၃ ဒသမ ၁၆၅ သန်းနှင့် ဈေးကွက်ဝေစု ၇ ဒသမ ၆ ရာခိုင်နှုန်းအသီးသီး နေရာယူထားကြောင်းတွေ့ရှိရသည်။ ထို့နောက် ဂျာမဏီနှင့် ယူကရိန်းနိုင်ငံတို့က အစဉ်လိုက်ရှိကြသည်။

၅။ ၂၀၁၇ ခုနှစ်တွင် EU နိုင်ငံများအနေနှင့် ပျားရည် တင်သွင်းမှုပမာဏ ၃၄၃၇၅၈ တန်ရှိပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၀၈၅ ဒသမ ၇၂၇ သန်းရှိပါသည်။ ကမ္ဘာ့ဈေးကွက်၏ ၄၆ ဒသမ ၆ ရာခိုင်နှုန်း ရယူထားပါသည်။ ၂၀၁၇ ခုနှစ်တွင် ပျားရည်အများဆုံးတင်သွင်းခဲ့သော EU ထိပ်တန်း (၃) နိုင်ငံမှာ ဂျာမဏီ၊ ဗြိတိန်နှင့် ပြင်သစ်တို့ဖြစ်ကြပြီး၊ ပျားရည်အများဆုံး တင်သွင်းသော EUထိပ်တန်း (၃) နိုင်ငံ၏ ၂၀၁၇ ခုနှစ်အတွက် တင်သွင်းမှုပမာဏနှင့် တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစု အခြေအနေများကို အောက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည်-

**Fig 5. Top Three Natural honey Importers of EU in 2017**

| Importers | Select your indicators | | | |
|---|---|---|---|---|
| | Value imported in 2017 (USD thousand) | Quantity imported in 2017 | Unit value (USD/unit) | Share in world imports (%) |
| World | 2331062 | 693275 | 3362 | 100 |
| European Union (EU 28) Aggregation | 1085727 | 343758 | 3158 | 46.6 |
| Germany | 281941 | 80596 | 3498 | 12.1 |
| United Kingdom | 130701 | 46092 | 2836 | 5.6 |
| France | 130533 | 35487 | 3678 | 5.6 |

Source : ITC TradeMap

၆။ ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ် (၅) နှစ်တာ ကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းနှင့် ၂၀၁၆-၂၀၁၇ ခုနှစ် (၂) နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

Fig 6. ***Top Three EU Importers with the Biggest Growth in value Between 2013 and 2017***

| Importers | Annual growth in value between 2013-2017 (%) | Annual growth in value between 2016-2017 (%) |
|---|---|---|
| Germany | -5 | 8 |
| United Kingdom | 0 | 9 |
| France | 1 | 3 |

## အလားအလာရှိသောဈေးကွက်တခုစီလေ့လာချက်

### တရုတ်ဈေးကွက်

Fig 7 :Top 5 world exporters to China in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| Japan | 73057 | 30109 | 27 |
| United Kingdom | 54404 | 29665 | 20.1 |
| Belgium | 25164 | 11390 | 9.3 |
| Spain | 17821 | 8897 | 6.6 |
| Poland | 17595 | 9087 | 6.5 |

Source : ITC TradeMap

### ဂျာမဏီဈေးကွက်

Fig 8: Top 5 world exporters to Germany in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| France | 18702 | 3877 | 12.8 |
| Saudi Arabia | 18235 | 1532 | 12.5 |
| Netherlands | 15091 | 2900 | 10.4 |
| Switzerland | 12471 | 2070 | 8.6 |
| Austria | 10190 | 2096 | 7 |

Source : ITC TradeMap

ကနေဒါဈေးကွက်

Fig 9: Top 5 world exporters to Canada in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| New Zealand | 7368 | 346 | 23.1 |
| Brazil | 5691 | 1280 | 17.9 |
| Mexico | 2745 | 700 | 8.6 |
| Spain | 2405 | 735 | 7.6 |
| Australia | 2391 | 334 | 7.5 |

Source : ITC TradeMap

ထိုင်းဈေးကွက်

Fig 10 : Top 5 world exporters to Thailand in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| United States of America | 10676 | 5657 | 37.5 |
| Taipei, Chinese | 9136 | 4494 | 32.1 |
| Germany | 1899 | 831 | 6.7 |
| China | 1616 | 323 | 5.7 |
| Canada | 1374 | 422 | 4.8 |

Source : ITC TradeMap

**အမေရိကန်ဈေးကွက်**

Fig 11: Top 4 world exporters to United States of America in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| Canada | 9515 | 2572 | 36 |
| Japan | 3580 | 959 | 13.6 |
| Korea, Republic of | 3421 | 787 | 13 |
| Philippines | 1866 | 749 | 7.1 |
| Taipei, Chinese | 1272 | 358 | 4.8 |

Source : ITC TradeMap

## မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံးဈေးကွက်များရွေးချယ်ခြင်း

၇။ ပျားရည် တင်သွင်းမှုအများဆုံး ထိပ်တန်းနိုင်ငံများ၏ ဈေးကွက်အခြေအနေကို လေ့လာရာတွင် အမေရိကန်၊ တရုတ်၊ ဂျာမဏီ၊ ထိုင်း၊ ကနေဒါနိုင်ငံတို့သည် အများဆုံးတင်သွင်း လျက်ရှိသည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့်မှု ကနေဒါနိုင်ငံတွင် အဆင့်(၁၁)၊ ထိုင်းနိုင်ငံတွင်အဆင့် (၂၀) ဖြင့်စာရင်းဝင်လျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။ သို့ဖြစ်၍ အလားအလာရှိသော ဈေးကွက်များဖြစ်သည့် အမေရိကန်၊ တရုတ်၊ ဂျာမဏီဈေးကွက်များသို့ ထိုးဖောက် တင်ပို့နိုင်ရေး ကြိုးပမ်းသင့်ပါသည်။

## သွင်းကုန်ခွန်လေ့လာချက်

၈။ သွင်းကုန်ခွန်စည်းကြပ်မှုကို လေ့လာရာတွင် ကနေဒါနိုင်ငံတွင် MFN duties သုညရာခိုင်နှုန်း၊ ထိုင်းတွင် သုညဒသမ ၃ ရာခိုင်နှုန်း၊ အမေရိကတွင် ၁ ဒသမ ၉ Cents/kg ၊ တရုတ်တွင် သုညဒသမ ၁၅ ရာခိုင်နှုန်း၊ ဂျာမဏီတွင် သုညဒသမ ၁၇၃ ရာခိုင်နှုန်း သတ်မှတ် ထားကြောင်း တွေ့ရသည်။ ထိုင်း၊ အမေရိက၊ တရုတ်နှင့်ဂျာမဏီတို့တွင် Preferential Tariff for Least Developed Countries ကို သုညရာခိုင်နှုန်းသတ်မှတ်ထားသည်။ Preferential Tariff for ASEAN ကို ထိုင်းနှင့် တရုတ်တွင် သုညရာခိုင်နှုန်း သတ်မှတ်ထားကြောင်းလေ့လာတွေ့ရှိရသည်။

## Tariff Rate of Natural Honey

| Partner | Tariff regime | Applied tariff (as reported) |
|---|---|---|
| Thailand | MFN duties (Applied) | 0.3 |
| | Preferential tariff for Least Developed Countries | 0 |
| | Preferential tariff for ASEAN countries | 0 |
| Canada | MFN duties (Applied) | 0 |
| America | MFN duties (Applied) | 1.9 cents/kg |
| | Preferential tariff for Least Developed Countries | 0 |
| China | MFN duties (Applied) | 0.15 |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for 3 Least Developed Countries | 0 |
| Germany | MFN duties (Applied) | 0.173 |
| | Preferential tariff for Least Developed Countries | 0 |